၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

# သတင်းထုတ်ပြန်ချက်

## ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ဖြစ်ပေါ်နေသည့်ကြားမှာပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် မြန်မာစစ်အုပ်စုအပေါ် အရေးယူဆောင်ရွက်မှု ကင်းမဲ့နေသည်

UK နိုင်ငံက ဦးဆောင်တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အတည်ပြုချမှတ်လိုက်သည့်အပေါ် **ရှေ့ပြေးအသံအဖွဲ့၏ တည်ထောင်သူနှင့် ဥက္ကဌဖြစ်သော ဒေါ်ခင်ဥမ္မာ**က အောက်ပါအတိုင်းပြောကြားသည် -

"ဒီဆုံးဖြတ်ချက်က စစ်အုပ်စုကို သူတို့ရဲ့လုပ်ရပ်တွေကို စောင့်ကြည့်စစ်ဆေးနေတယ်ဆိုတဲ့ သတင်းစကား ပေးလိုက်တာမျိုးဖြစ်ပေမယ့် ကျမတို့ အချိန်ကာလအတန်ကြာ စောင့်မျှော်ခဲ့ရတဲ့ ဆုံးဖြတ်ချက်ဟာ ထိရောက်တဲ့ အရေးယူမှုတွေ မပါဝင်နေတဲ့အတွက် အလွန်စိတ်ပျက်မိပါတယ်။ စစ်အုပ်စုရဲ့ မြန်မာပြည်သူလူထုအပေါ် အရှိန်အဟုန်ပြင်းပြင်း ဆင်နွှဲနေတဲ့ စစ်ပွဲနဲ့ အကြမ်းဖက်လှုပ်ရှားမှုတွေနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ပြစ်ဒဏ်ကင်းလွတ်စွာနဲ့ ဆက်လက်ကျူးလွန်နေတာတွေကို ရပ်တန့်နိုင်ဖို့အတွက် ဒီထက်ပိုပြီး ခိုင်မာထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ရပါမယ်။"

"တိကျခိုင်မာတဲ့ အရေးယူဆောင်ရွက်မှုတွေ မပါတဲ့ ဆုံးဖြတ်ချက်ဟာ မြန်မာပြည်သူတွေအတွက် အဓိပ္ပာယ် မရှိဘူးဆိုတာကို UK အပါအဝင် တခြားလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံရာမှာ ကျမတို့ ထပ်ခါတလဲလဲ ပြောခဲ့ပါတယ်။"

"UK အနေနဲ့ ထိရောက်တဲ့ လုပ်ဆောင်ချက်တွေ ပါဝင်ပြီး ပိုမိုခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို မတင်သွင်းခဲ့တဲ့ အပေါ်မှာလည်း ကျမတို့ စိတ်ပျက်မိပါတယ်။ စစ်အုပ်စုအပေါ် ပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုတွေ မလုပ်ဆောင်နိုင်အောင် မြန်မာစစ်အုပ်စုကို လက်နက်နှင့် ဘဏ္ဍာငွေတွေ ပံ့ပိုးပေးနေတဲ့ တရုတ်နှင့် ရုရှားတို့ကို ကာဆီးခွင့် ပေးနေခြင်းက စစ်အုပ်စုကို ပိုမိုအတင့်ရဲလာစေရုံမကတဲ့အပြင် လုံခြုံရေးကောင်စီအပေါ် ယုံကြည်ကိုးစားရမှုနဲ့ သူ့ရဲ့အရေးပါမှုကိုလည်း ပိုမိုမှေးမှိန် သွားစေမှာ ဖြစ်ပါတယ်။"

"ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ရုရှားနိုင်ငံက <u>ပေးပို့ထားတဲ့</u> Su-30SME တိုက်လေယာဉ်နှစ်စင်းကို မြန်မာလေတပ်က တပ်တော်ဝင်ခဲ့ပါတယ်။ ရုရှားနိုင်ငံဟာ စစ်အုပ်စုရဲ့ရက်စက်ကြမ်းကြုတ်မှုတွေကို ကူညီပြီး ကြံရာပါအဖြစ် ပါဝင်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။"

"ကျရှုံးနေတဲ့ အာဆီယံရဲ့ ဘုံသဘောတူညီချက်ငါးရပ်ကို စစ်အုပ်စုအနေနဲ့ လုံးဝဂရုမစိုက် မလိုက်နာကြောင်း နေပြလာတာဟာ လ ၂၀ ကျော်ကြာလာပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် အာဆီယံရဲ့ ဘုံသဘောတူညီချက်ငါးရပ် အကောင်အထည်ဖော်မှုနဲ့ပတ်သက်ပြီး အစီရင်ခံတင်ပြမှုတွေ လုပ်ဖို့အတွက် လုံခြုံရေးကောင်စီရဲ့ တောင်းဆိုချက်ဟာ

မြေပြင်မှာရှိတဲ့ ပြည်သူလူထုအတွက် ဘာတိုးတက်ပြောင်းလဲမှုကိုမှ ဖန်တီးပေးမှာ မဟုတ်ဘူး။ အမှန်တကယ် လိုအပ်နေတာက လုံခြုံရေးကောင်စီရဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ချမှတ်မှုပဲ ဖြစ်ပါတယ်။ အနှစ်မပါတဲ့ အပြောသက်သက်တွေ ထပ်မလိုတော့ပါဘူး။"

"လုံခြုံရေးကောင်စီအနေနဲ့ စစ်အုပ်စုရဲ့ နောက်ထပ်ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို တားဆီးဖို့အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်း တင်ပို့ရောင်းချမှု ပိတ်ပင်ရေးနဲ့ ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချက်ချင်း ချမှတ်လုပ်ဆောင်ရပါမယ်။ ဒါ့အပြင် လုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံရဲ့အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးထံ လွှဲပြောင်းပေးဖို့လည်း မဖြစ်မနေ လိုအပ်ပါတယ်။"

"စစ်အုပ်စုရဲ့ မဟာမိတ်နိုင်ငံတွေ ထိန်းချုပ်ခြင်းကို ခံနေရတဲ့ လုံခြုံရေးကောင်စီက စွမ်းဆောင်နိုင်စွမ်း မရှိနေတဲ့အချိန်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာစစ်အုပ်စုကို လက်နက်ခဲယမ်းပံ့ပိုးမှု ဖြတ်တောက်ဖို့နဲ့ အရမ်းကာရော မဆင်မခြင်ပစ်ခတ်တဲ့ လေကြောင်းတိုက်ခိုက်ရေးအတွက် လိုအပ်တဲ့ လေယာဉ်ဆီတင်ပို့ရောင်းချမှု ပိတ်ပင်ဖို့အပါအဝင် စစ်အုပ်စု၊ သူ့ရဲ့စီးပွားရေးလုပ်ငန်း တွေနဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေအပေါ် ပစ်မှတ်ထားအရေးယူ ပိတ်ဆို့မှုတွေ ချမှတ်ဖို့ အတွက်ကိုလည်း ကျမတို့က တောင်းဆိုပါတယ်။"

## ***<u>မီဒီယာစုံစမ်းမေးမြန်းမှုများနှင့် ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်</u>***

*ဒေါ်ခင်ဥမ္မာ၊ တည်ထောင်သူနှင့် ဥက္ကဌ၊ ရှေ့ပြေးအသံအဖွဲ့၊ <u>info@progressive-voice.org</u>*

## ရှေ့ပြေးအသံအဖွဲ့အကြောင်း

ရှေ့ပြေးအသံအဖွဲ့သည် လူထုအသိုင်းအဝိုင်းအား အခြေပြုထားပြီး မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ခိုင်မာအားကောင်းစွာ ချိတ်ဆက်ထားပြီး လူထုပူးပေါင်းပါဝင်မှုဖြင့် အခွင့်အရေးကို အခြေခံသော မူဝါဒများ ပေါ်ထွန်းစေရန်အတွက် သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသော အဖွဲ့တစ်ခု ဖြစ်ပါသည်။ *<u>http://progressivevoicemyanmar.org/</u>*

## နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် အချိန်အတော်လင့်နေပြီ ဖြစ်သည်။ တိုင်းရင်းသားလူနည်းစုများအပေါ် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်ပြီး ဆယ်စုနှစ်များစွာ အကြာတွင် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု ဖြစ်ပွားမှုအပြီး ဆယ်စုနှစ် တစ်ဝက်စာအချိန်နှင့် တရားမဝင် စစ်အုပ်စု၏ အာဏာလုယူရေး ကြိုးပမ်းသည့် နှစ်နှစ်နီးပါးကြာသည့် အချိန်မှသာ ဤဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်း ဖြစ်သော်လည်း မြေပြင်အကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ကင်းမဲ့နေဆဲ ဖြစ်သည်။

စစ်အုပ်စုသည် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းကြောင့် အတင့်ရဲလာနေပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှု ဆုတ်ယုတ်လာခြင်း အခြေအနေအောက်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို နိုင်ငံတစ်ဝန်းလုံး၌ ပြင်းပြင်းထန်ထန် ဆက်လက်လုပ်ဆောင်လာရာ ယခင်က မကြုံခဲ့ဖူးသည့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုကို ဖြစ်ပေါ်လာစေခဲ့သည်။ စစ်အုပ်စုမှ လူပေါင်း ၂,၆၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီးသကဲ့သို့ နောက်ထပ်သော လူပေါင်း ၁၃,၀၀၀ ကျော်ကိုလည်း ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ကာ

လူ ၁၃၉ ဦးမှာ တရားမဝင်စစ်အုပ်စု၏ သေဒဏ်ချမှတ်ခြင်းကို ခံထားရသည်။ လူဦးရေ ၁.၂ သန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး မြေပြင်ရှိ အမှန်တကယ်သော အရေးအတွက်မှာ ထို့ထက် ပိုများနိုင်ဖွယ်ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အရပ်ဘက်လူထုအဖွဲ့အစည်း ၁၇၇ ဖွဲ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံသို့ မြန်မာနိုင်ငံအပေါ် စောင့်ကြည့်မှုနှင့် ကြားဝင်ဆောင်ရွက်မှု အရေးပေါ် တိုးမြှင့်လုပ်ဆောင်ရန် တောင်းဆိုသည့် အိတ်ဖွင့်ပေးစာတစ်စောင် ကို ပေးပို့ခဲ့သည်။ လက်ရှိ လုံခြုံရေးကောင်စီတွင် နေရာယူထားသည့် မြန်မာစစ်အုပ်စု၏ မဟာမိတ်များဖြစ်သော ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်တို့က လုံခြုံရေးကောင်စီ၏ လုပ်ဆောင်ချက်ကို အကြိမ်ကြိမ် ဟန့်တားခဲ့ကြသည်။ မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ ရပ်တည်ချက်ကို မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ၄၈၈ ဖွဲ့က ရှုတ်ချခဲ့သည်။

အရပ်ဘက်လူထုအဖွဲ့အစည်းများမှ လုံခြုံရေးကောင်စီကို မြန်မာနိုင်ငံရှိ အရေးပေါ်အကျပ်အတည်းအား ဖြေရှင်းရန်အတွက် ခိုင်မာသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်ဆက်မပြတ် အားကောင်းစွာ တောင်းဆိုလာခဲ့ပြီး ဖြစ်သည်။ အရပ်ဘက်လူထုအဖွဲ့အစည်းများသည် စစ်ကောင်စီအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်း တင်ပို့ရောင်းချမှု ပိတ်ဆို့ရေး ချမှတ်ရန်၊ ပစ်မှတ်ထားသော ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်နှင့် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးအပ်ရန် သို့မဟုတ် အထူးခုံရုံးတစ်ရုံး ထူထောင်ရန် တို့ကို တောင်းဆိုထားသည်။

မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း မြေပြင်အကျပ်အတည်း၏ ပြင်းထန်မှု အတိုင်းအတာကို ထင်ဟပ်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် အစိုးရတစ်ဖွဲ့ချင်းအလိုက် ကိုလည်း အစဉ်တစိုက် တောင်းဆိုထားသည်။ လေကြောင်းတိုက်ခိုက်မှုများကို စစ်အုပ်စုက တိုးမြှင့် လုပ်ဆောင်လာသည့်အတွက် မြန်မာပြည်သူများအပေါ် တိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့် လုပ်ဆောင်နိုင်စွမ်းရရှိစေသည့် လေယာဉ်ဆီ ရောင်းချတင်ပို့မှုအား ပိတ်ဆို့အရေးယူရန် အဖွဲ့အစည်းပေါင်း ၅၅၀ က UK နိုင်ငံခြားရေးဝန်ကြီးကို မကြာသေးမီကပင် တောင်းဆိုခဲ့သည်။

အဆိုပါ များပြားလှသည့် တောင်းဆိုမှုများအပေါ် နောက်ဆုံးမကြာသေးမီက တုံ့ပြန်သည့်အနေဖြင့် ကနေဒါနိုင်ငံက လေယာဉ်ဆီ ဝယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရာတွင် ပါဝင်ပတ်သက်သည့် မြန်မာစစ်အုပ်စု၏ ပြည်တွင်းမိတ်ဖက် Asia Sun Group ကို ပစ်မှတ်ထား ပိတ်ဆို့ခဲ့သကဲ့သို့ အမေရိကန်ကွန်ဂရက်လွှတ်တော်သည် ၂၀၂၂ ခုနှစ် BURMA Act ဥပဒေကို National Defense Authorization Act ဥပဒေ၏ ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းခဲ့သည်။

စစ်အုပ်စုမှ ကျူးလွန်နေသည့် ရာဇဝတ်မှုများ၏ အတိုင်းအတာကို ထင်ဟပ်သည့် ခိုင်မာသော အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရေးသည် ယခင်ကရော ယခုအရေးပေါ်ကာလ၌ပါ အလွန်အရေးကြီးသည်။

###